# <u>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၇)</u>

စစ်ဝတ်စုံ ဝတ်ထားတဲ့ လူထု (သို့ မဟုတ်) တပ်မတော်သားများ နှင့် အခြေခံဥပဒေ (၁) အခြေခံဥပဒေဟာ သာမန်လူထုတွေနဲ့ သာမက စစ်ဝတ်စုံဝတ်ထားတဲ့ လူထု (သို့မဟုတ်) တပ်မတော် သားများနဲ့ လည်းဆိုင်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုးကိုချစ်မြတ်နိုးတဲ့ တပ်မတော်သား တယောက်အနေနဲ့ ကိုယ့်ဘဝကို တိုင်းပြည်နဲ့ လူမျိုးတွေရဲ့ ဘဝကြွခနဲ့ တိုက်ရိုက်ဆက်စပ်တဲ့ အခြေခံဥပဒေရဲ့ ဘယ်လိုအနေအထားအောက်မှာ မြှုပ်နှံသင့်တယ်ဆိုတာကို တင်ပြဆွေးနွေးလိုပါတယ်။

ရေမြင့်ရင်ကြာတင့်တယ်ဆိုတဲ့ မြန်မာဆိုရိုးစကားရှိပါတယ်။ တိုင်းပြည်နဲ့ တပ်မတော်ကို ရေနဲ့ ကြာလို သဘောထားကြရအောင်ပါ။ ကြည်လင်သန့်ရှင်းတဲ့ရေတွေ မြောက်များစွာရှိပါမှ ကြာပင်ဟာ ဖွံ့ဖြိုးစည်ပင် လှပစွာ ဖူးပွင့်နိုင်မှာဖြစ်တယ်။ ရေတွေ ခြောက်ခန်းနေပြီဆိုရင် ကြာပင်ဟာလည်း ကြုံလှီနေတော့မှာပါဘဲ။ ကြိုကြိုတက်အောင် ချမ်းသာကြွယ်ဝနေကြတဲ့ စစ်ခေါင်းဆောင်တစုကို ခဏလောက်မေ့ထားမယ်ဆိုရင် အခုလက်ရှိ တိုင်းပြည်လူထု ဖြစ်ပျက်နေတဲ့ အနေအထားနဲ့ တပ်မတော်သားတွေ အများစုကြီးရဲ့ဘဝကို ရှင်းရှင်းမြင်နိုင်ပါတယ်။ ရေတွေလည်း ခြောက်ခန်းနေ၊ ကြာပင်တွေလည်း ကြုံလှီနေကြတယ် မဟုတ်လား။

နောက်တခုက တိုင်းပြည်နဲ့ အလားသဏ္ဍာန်တူတဲ့ ဥယျာဉ်ထဲက ရေအရင်းအမြစ်တွေကို စုပ်ယူစားသုံးသူဟာ ကြာပန်းတမျိုးထဲ မဖြစ်သင့်ပါဘူး။ ဥယျာဉ်ထဲမှာ ကြာပန်းတမျိုးထဲက ဖူးပွင့်ဝေဆာနေပြီး အခြားပန်းပေါင်းစုံက သွေ့ခြောက်ညှိုးနွမ်းနေမယ်ဆိုရင် ဥယျာဉ်ဟာ ကြက်သရေ ကင်းမဲ့နေပါလိမ့်မယ်။ တကယ်တော့ ကြာပန်းအပါအဝင် နှင်းဆီ၊ မာလာ၊ ခတ္တာစတဲ့ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာခွင့်ရတဲ့ ဥယျာဉ်ကြီးဖြစ်အောင် တည်ဆောက်ကြရမှာပါ။ ဒီ အယူအဆကို လက်ခံတယ်ဆိုရင် ဥယျာဉ်ထဲကရေအရင်းအမြစ်တွေကို ကြီးတဲ့အပင်လည်း ကြီးသလောက်၊ ငယ်တဲ့ အပင်လည်းငယ် သလောက် အချိုးကျ တန်းတူညီမျှစွာ ရယူစားသုံးခွင့် ပေးထားဘို့လိုပါလိမ့်မယ်။ တပ်မတော်သားတွေကိုယ်တိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီအခြေခံကနေ စဉ်းစားရမှာဖြစ်ပါတယ်။

နအဖ က ပြင်ဆင်ရေးဆွဲထားပြီး လာမယ့်လူထုဆန္ဒခံယူပွဲမှာ အတည်ပြုချက်ရယူဘို့ ကြိုးပမ်းနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အခန်း (၄) ပုဒ်မ (၁၂၁) မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် **မရှိသူများ** စါရင်းကို ပြဌာန်းထားတယ်။ အဲဒီမှာ နိုင်ငံ့ဝန်ထမ်းတွေကို ရွေးကောက်ခံခွင့် မပြုဘူးဆိုတာ အထင်အရှားတွေ့ရတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို ရွေးကောက်ခံခွင့် မပြုတဲ့ စဉ်းစားချက် ကတော့ ဘယ်လို အယူဝါဒကို ကိုင်စွဲထားတဲ့၊ ဘယ်နိုင်ငံရေးပါတီကဘဲ အစိုးရတက်လုပ်သည်ဖြစ်စေ အဲဒီအစိုးရရဲ့ ဦးဆောင်မှုကိုနာခံပြီး တာဝန်ထမ်းဆောင်နိုင်ဘို့ဖြစ်တယ်။ ဘာကြောင့်ဆိုတာကို ရှင်းပြဘို့ လိုပါမယ်။

နိုင်ငံ့ဝန်ထမ်းတွေ ရွေးကောက်ပွဲဝင်ပြီး ယှဉ်ပြိုင်မယ်ဆိုရင် နိုင်ငံရေးပါတီ တရပ်ရပ်ကို ဝင်မှရမယ်။ ဒီအခါမှာ နိုင်ငံ့ဝန်ထမ်းတွေဟာ ပါတီတရပ်ရပ်ရဲ့ ဘက်ကိုလိုက်၊ အဲဒီပါတီက ခိုင်းတာကိုသာ တလျှောက်လုံး လုပ်ရတော့မယ့် အနေအထားဖြစ်သွားနိုင်တယ်။ ဆိုကြပါစို့။ နိုင်ငံ့ဝန်ထမ်းက ကကြီးပါတီမှာ ပါတီဝင်ဖြစ်ထားတယ်။ အဲဒီ အချိန်မှာ ခခွေးပါတီကအနိုင်ရလို့ အစိုးရအဖွဲ့အနေနဲ့ဖွဲ့ပြီး တက်အုပ်ချုပ်နေမယ်ဆိုရင် ဒီနစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေပြီ။ ကကြီး ပါတီဝင် နိုင်ငံ့ဝန်ထမ်းဟာ ခခွေးပါတီ အစိုးရက တိုင်းပြည်ကိုအုပ်ချုပ်လို့မရအောင် ပညာပြတာတွေ၊ ပူးပေါင်းဆောင်ရွက်မှုမပြုတာတွေ၊ အမိန့်မနာခံတာတွေ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံခွင့်မပြုတာဘဲလို့ စဉ်းစားလို့ရနိုင်ပါတယ်။

အဲဒီ စဉ်းစားချက်ကိုလက်ခံရင် တိုင်းပြည်မှာရှိတဲ့ ဘယ်နိုင်ငံ့ဝန်ထမ်းကိုမျှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခွင့်ပြုလို့မရတော့ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒီအချက်ကို အာမခံပြဌာန်းပေးထားရမှာဖြစ်တယ်။ တိုင်းပြည်ကနေထောက်ပံ့ထားတဲ့လစါကိုစားပြီး တိုင်းပြည်ကပေးအပ်ထားတဲ့ တာဝန်ကို ထမ်းဆောင်နေသူမှန်သမျှ ဒီပြဌာန်းချက်ကို ချိုးဖေါက်ခြင်းမရှိဘဲ လက်ခံကျင့်သုံးကြရမှာဖြစ်တယ်။ တိုင်းပြည်တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်နေကြတဲ့ဝန်ထမ်းတွေ အားလုံးကို တိုင်းပြည်ကတပြေးညီ ဆက်ဆန်တာလည်း ဖြစ်ပါတယ်။ ဖွဲ့ စည်းပုံအခြေခံဥပဒေက ဒီလို အာမခံပြဌာန်းပေးခြင်းအားဖြင့် ဥပဒေစိုးမိုးမှု အခြေခံကို တည်ဆောက်ပေးရာ ရောက်တာကြောင့် တိုင်းပြည်ဟာလည်း ကြက်သရေအပေါင်းနဲ့ ပြည့်စုံမှာဖြစ်တယ်။

ဒါပေမယ့် နအဖ ဟာဒီ အခြေခံကို ပြောင်ပြောင်တင်းတင်းချိုးဖေါက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိတဲ့ နိုင်ငံ့ဝန်ထမ်းစါရင်းမှာ ခြွင်းချက်ဆိုပြီး အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းလိုက်ပါတယ်။

**ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များနှင့် အဖွဲ့အစည်း များ တွင်ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် မသက်ဆိုင်စေရ။**

ဒီ ဖွဲ့စည်းပုံဆိုင်ရာဆောင်းပါးတွေကို ရေးသားတင်ပြတဲ့အခါမှာ နားထောင်တဲ့ ပရိသတ်ဆီကနေ အခြားတိုင်းပြည်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့ပါ အလျှဉ်းသင့်သလို နိုင်းယှဉ်တင်ပြပေးဘို့ ပန်ကြားချက်တွေရပါတယ်။ တပ်မတော်သားတွေကို နိုင်ငံ့ဝန်ထမ်းစါရင်းမှာ ခြွင်းချက်ပြုထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးထားတဲ့ နိုင်ငံဆိုလို့ ကမ္ဘာပေါ်မှာ တခုမှာ မရှိပါဘူး။ မြန်မာနိုင်ငံမှာသာ လုပ်ကြံထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်တယ်လို့ အတိအလင်းပြောလိုပါတယ်။ ဒါကြောင့် ယနေ့ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်းယှဉ်စရာ ရယ်လို့ ကမ္ဘာမှာ တခုမျှမရှိပါ။

တပ်မတော်သားတွေ ကိုယ်တိုင်လည်း စဉ်းစါးဘို့ လိုပါမယ်။ တပ်မတော်သား တွေဟာ  စစ်တိုက်တဲ့ အလုပ်ဘဲ နားလည်တယ်။ ကျန်တာတွေ ဘာမှ တတ်ကျွမ်းသူတွေ မဟုတ်ဘူးရယ်လို့ ချိုးနှိမ်တဲ့စကားတွေ ပြောစရာအကြောင်းမရှိပါ။ တပ်မတော်သားတွေထဲမှာ အရည်အချင်းနဲ့ ပြည့်စုံသူတွေမြောက်များစွာပါရှိမယ် ဆိုတာ ဗေဒင်မေးစရာတောင်မှ လိုမယ်မထင်ပါ။ ဒါပေမယ့် ကျန်တဲ့ နိုင်ငံဝန်ထမ်းတွေထဲမှာလည်း အရည်အချင်းနဲ့ ပြည့်စုံသူတွေ မြောက်များစွာရှိပါတယ်။ ဥပဒေပြုလွှတ်တော်တွေမှာတက်ရောက်ပြီး တိုင်းပြည်အတွက် လိုအပ်တဲ့ ဥပဒေတွေပြုဘို့၊ အုပ်ချုပ်ရေးလုပ်ငန်းတွေမှာ ဝင်ရောက်တာဝန်ထမ်းဆောင်ဘို့ အရည်အချင်းနဲ့ ပြည့်စုံတဲ့တရားသူကြီးတွေ၊ ရှေ့နေချုပ်နဲ့ ရှေ့နေချုပ်ရုံးကအစိုးရရှေ့နေကြီးတွေ၊ တရားရုံးတွေက တရားရေးအရာရှိတွေ၊ တက္ကသိုလ်ပါမောက္ခတွေ၊ အသိပညာရှင် အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အုပ်ချုပ်ရေးသမားတွေ၊ လူထုဆက်ဆံရေး၊ လူထုပြသနာဖြေရှင်းရေး အတွေ့အကြုံကြီးမားစွာရှိတဲ့ ရဲအရာရှိကြီးတွေ၊ စသူတွေဟာလည်း တာဝန်ပေးမယ်ဆိုရင် လုပ်နိုင်စွမ်းရှိကြမှာ ဖြစ်ပါတယ်။ ဒီ ပုဂ္ဂိုလ်တွေကို တော့ဘေးဖယ်ထားပြီး တပ်မတော်သားတွေကိုသာ အထူးအခွင့်အရေး အနေနဲ့ ချွင်းချက်ပြုပေးထားတယ် ဆိုတဲ့အပေါ် တပ်မတော်သားတွေကိုယ်တိုင်က ဂုဏ်ယူစရာ အကြောင်းမရှိ။ ရှက်ဖွယ်အတိသာဖြစ်ပါတယ်။

သည်ထက် အရေးကြီးတဲ့အချက်ကို ဆက်လက်ထောက်ပြလိုပါတယ်။ အဲဒီ ခြွင်းချက် ပြဋ္ဌာန်းချက်ကို သာမန်အားဖြင့် ကြည့်မယ်ဆိုရင် တပ်မတော်သားအားလုံးနဲ့ သက်ဆိုင်သလိုလို ထင်ရပါလိမ့်မယ်။ တကယ်တော့ လုံးဝမဟုတ်ပါ။ အသေအချာလေ့လာဘို့ လိုပါမယ်။ **ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များနှင့် အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများ** ရယ်လို့ အတိအကျ သုံးစွဲထားပါတယ်။ **တပ်မတော်သား** တဦးခြင်းစီတိုင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားတဲ့ ပြဋ္ဌာန်းချက်မဟုတ်ပါ။

အတိအကျ ရှင်းအောင်ပြောရရင် တပ်မတော်သား တဦးခြင်းစီရဲ့ အခွင့်အရေး မဟုတ်ပါ။ ဥပဒေပြုလွှတ်တော်တွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းတွေမှာ ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ဘို့အတွက် တပ်မတော်သား တဦးခြင်းစီက သက်ဆိုင်ရာမိခင်တပ်ရင်းတွေတခုခြင်းစီအတွင်းမှာ ဝင်ရောက်ရွေးချယ်ခံခွင့်ကို ပြဋ္ဌာန်းပေးထားခြင်းမရှိပါ။ **အောက်ခြေတပ်မတော်သားထုက ရွေးချယ် တင်မြှောက်တာဝန်ပေးခံရလို့ ဥပဒေပြုလွှတ်တော်နဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေဆီကို သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရမယ့် အနေအထားမရှိ။ တပ်မတော်သားတွေအနေနဲ့ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ သူတို့ရဲ့အခွင့်အရေးပါဆိုပြီးတော့လည်း တောင်းဆိုပိုင်ခွင့်မရှိပါ။ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ခြွင်းချက်ပြဋ္ဌာန်းချက်ဟာ ကာကွယ်ရေး ဦးစီးချုပ်ကရွေးချယ်ခန့် အပ်ခြင်းခံရမယ့် တပ်မတော်သား အချို့ကိုသာ** အတိအကျ ရည်ညွှန်းထားတာ ဖြစ်ပါတယ်။

ဒီပြဋ္ဌာန်းချက်ဟာ လက်တွေ့မှာ

(က) အောက်ခြေတပ်မတော်သားထုတရပ်လုံး နဲ့ ဘာမှ မဆိုင်ဘဲ တပ်မတော်ရဲ့ ထိပ်ပိုင်းမှာ တာ ဝန်ထမ်းဆောင်မယ့် စစ်အရာရှိကြီး အချို့ရဲ့ ခံစါးခွင့်သာဖြစ်တယ်။

( ခ) ထိပ်ပိုင်း စစ်အရာရှိကြီးတွေထဲမှာတောင်မှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နဲ့ နီးစပ်တဲ့၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ခိုင်းသမျှကို လက်ပါးစေသဘွယ်နာခံပြီး မျက်

နာလို အားရလုပ်နိုင်တဲ့ စစ်အရာရှိကြီးတွေသာရမယ့် အခွင့်အရေးဖြစ်တယ်။

(ဂ) တပ်မတော်ကို တရားမျှတမှု အခြေခံပေါ်မှာ တည်ဆောက်လိုပြီး ရိုးရိုးသားသား တိုင်းပြည်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုတဲ့ စစ်အရာရှိကြီးတွေနဲ့ ကျန်တဲ့ တပ်မတော်သား ထုတရပ်လုံးအတွက် ဘာအခွင့်အရေးမှ အာမခံချက်မရှိပါ။

ကာကွယ်ရေးဦးစီးချုပ်ရဲ့ ထားရာနေ စေရာသွား၊ လက်ရှိတပ်မတော်သား ဘဝကိုပိုမိုဆိုးဝါးစေပြီး စစ်အာဏာရှင်စနစ်ကို ကျင့်သုံးနေကြတဲ့ စစ်ခေါင်းဆောင်တစုသာ ကြီးပွားချမ်းသာ၊ အခွင့်အာဏာတွေတိုးပွားစေမယ့် နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်သားထုတရပ်လုံးကိုယ်တိုင် ကြက်ခြေခတ် ကန့်ကွက်မဲပေးပြီး ပယ်ချသင့်ကြောင်း တင်ပြလိုက်ပါရစေ။